# နောင်ရဲကျေးရွာ

# ပင်းတယမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ရဲကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

နောင်ရဲကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ် ၇

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဉစ္စာခနေအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နောင်ရဲကျေးရွာ
ပင်းတယမြို့နယ်


N
မြေပုံအညွှန်း

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏
ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။
ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လ ာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေ ဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့

အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်တွင်တည်ရှိပြီး မြို့နှင့်၁၆မိုင်ကွာဝေးကာ လမ်းပန်းဆက်သွယ်ရေးမှာ ကတ္တရာလမ်းဖြစ်သည့် အတွက်ကောင်းမွန်ပါသည်။ ကျေးရွာသည် တောင်ခြေနှင့်နီးသော်လည်း ဓာတ်သတ္တုနှင့် သဘာဝဓာတ်ငွေ့များမထွက်ရှိပါ။ သစ်တောများရှိသော်လည်း ဆေးဘက်ဝင်အပင်များနည်းပါးပြီး တိရစ္ဆာန်များအတွက် စားကျက်မြေသတ်မှတ်ထားခြင်း မရှိပါ။ လူဦးရေတိုပွားကာသည်နှင့်အမျှစိုက်ပျိုးမြေတိုးချဲ့တွင်းမှုကြောင့် သစ်တောများရှိသော်လည်း ဆေးဘက်ဝင်အပင်များနည်းပါးပြီး တိရစ္ဆာန်များအတွက်စားကျက်မြေသတ်မှတ်ထားခြင်းမရှိပါ။ လူဦးရေတိုးပွားလာသည်နှင့်အမျှစိုက်ပျိုးမြေချဲ့ထွင်မှုကြောင့်သစ်တောများပြုန်းတီးလာခဲ့ရသည်။

ကျေးရွာသည် ကတ္တရာလမ်းပေါ်တွင်ရှိပြီး အနီးဆုံးဈေးဖြစ်သော မိုင်အင်ဈေးမှ(၆)မိုင်အကွာဝေးပြီး အကြီးစားဈေးဖြစ်သော ပင်းတယမှ(၁၆)မိုင်အကွာတွင်ရှိသည်။ ကျေးရွာတွင်အဓိကစိုက်ပျိုးသော သီးနှံများမှာစပါး၊ ပဲ၊ပြောင်း၊ နှမ်း၊ပဲစင်းငုံစသည်တို့ဖြစ်ပြီး ထိုကုန်စည်များကို ဈေးသုံးကား၊ထော်လာဂျီများဖြင့်သယ်ယူပို့ဆောင်ပေးကြရသည်။ အနီးဆုံးဈေးဖြစ်သော မိုင်အင်ဈေးတွင်လုံလောက်သော အခြေခံအဆောက်အဦး မရှိပါ။ ထို့ကုန်စည်များကို အများအားဖြင့် ပင်းတယသို့ တင်ပို့ရောင်းချကြပြီး ဈေး၏ အခြေခံအဆောက်အဦးမှာလည်း ကောင်းမွန်ပြီး ဝန်ဆောင်မှုမှာလည်း အသင့်အတင့် ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့်ဦးရေနည်းပါးပြီး တောင်ကုန်းတောင်တန်းများရှိကာ မြေဆီသြဇာ အသင့်အတင်းကောင်းမွန်ပါသည်။
ကျေးရွာတွင်ဓာတ်သတ္တုနှင့်သဘာဝသယံဇာတများမထွက်ရှိပါ။
တောင်သူအများစုသည်ကိုယ်ထူကိုယ်ထဆည်မှရေတင်ကာ
လယ်ဧက၁၂၈.၉ဧကစိုက်ပျိုးကြရသည်။မြေအောက်ရေအသုံးပြုမှုနည်းပါးသည်။ထွန်ယက်စိုက်ပျိုးေ ေးကို အဓိက လုပ်ကိုင်ကြသော်လည်း လက်လုပ်လက်စား၊ကျပန်းသမားများသောကြောင့် တစ်ရွာလုံး၏ဝင်ငွေမှာသာမာန်အောက်လျော့နည်းပါသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်

ကျေ၂၀၀ကျော်ရှိပြီး စပါး၊ ပြောင်း၊ပဲ၊နှမ်း၊ပဲစင်းငုံစသည့်သီးနှံများစိုက်ပျိုးကြသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း လက်လုပ်လက်စား၊ ကျပန်း၊ သမားများ သောကြောင့် တစ်ရွာလုံး၏ဝင်ငွေမှာသာမာန်အောက်လျော့နည်းပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၈၄)စုနှင့်ကျား(၂၂၀)၊ မ(၁၃၄)ဦးဖြင့်လူဦးရေပေါင်း(၁၉၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဓနုလူမျိုးများနေထိုင်ကြပြီး ဗမာ အနည်းငယ်သာနေထိုင်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၆၂%ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးကောင်းအောင် လေ့ကျင်သင်ကားပေးပြီး ဒေသစီးပွားရေးကောင်းအောင် လေ့ကျင်ပေးခြင်းဖြင့်စွမ်းဆောင်နိုင်ပါသည်။ ကျေးရွာ၏ အလုပ်လုပ်နိုင်သောအရွယ်ရှိ ၅%ခန့်ပို့များသည်။ **(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သော်လည်း မြေယာမဲ့အိမ်ထောင်စုများသောကြောင့်တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အောက်လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင်လည်း အိမ်ထောင်စုအားလုံး၏ ၅%သည်အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ပြီး ၁၅%ခန့်သည် အလယ်အလတ်အဆင့်ရှိပြီး ၁၀%ခန့်သည် ချမ်းသာသည်ဟုသတ်မှတ်သည်။ ဆင်းရဲသည့် အဆင့်သည်ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စားမြေယာမဲ့ အိမ်ထောင်စုများပြီး (၇၉%)ထိရှိကာ အလွန်ဆင်းရဲသည် အိမ်ထောင်စုများဖြစ်သည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု အရေအတွက်မှာ များ ပြီး သူတစ်ပါးထံမှချေးယူခြင်းမရှိဘဲ (၁၂)လအထိလုံလောက်မှုရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု(၅၃.၆%)ဟုသတ်မှတ်ထားသည်။ အိမ်ထောင်စု၏(၁၇%)သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ပြီး (၁၂လ) အထိဝမ်းစာဖူလုံမှုရှိသည်။ ကျေးရွာတွင်လက်လုပ်လက်စားသမားမြေယာမဲ့အိမ်ထောင်စုများရှိသော်လည်း ၃လမှ၆လအထိဝမ်းစာဖူလုံမှုရှိပြီး တစ်နှစ်တာအတွက်ဝမ်းစားဖူလုံစေရန် ချေးယူကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများရှိသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်းဆောက်လုပ်ရေး၊ မွေးမြူရေး၊စက်ပစ္စည်းပြုပြင်ရေးများကိုလုပ်ကိုင်ကာ ဝမ်းစာဖူလုံမှုကိုဖြေရှင်းကြရသည်။ ကျေးရွာတွင်ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စု၏ ၅၀%ဖြစ်သော

အိမ်ထောင်စု(၄၂)စုကိုလေ့လာရာတွင် အိမ်ထောင်စု(၁၅%)မှာ သူတစ်ပါးထံမှမချေးငှားဘဲ နပ်မှန်အောင်စားနိုင်ပြီး အိမ်ထောင်စု ၁၅%မှာ ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှုရှိကြောင်းတွေ့ရသည်။ အကြွေးတင်မှုတွင်တစ်နှစ်ပ်လျှင် အိမ်ထောင်စု အလိုက်ပျမ်းမျှဖူလုံမှုရှိကြောင်းတွေ့ရသည်။ အကြွေးတင်မှုတွင် တစ်နှစ်လျှပ်ငအိမ်ထောင်စု အလိုက်ပျမ်မျှ၃သိန်းခန့်ရှိကြောင်တွေ့ရသည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖိုဂနှစ်အထက်အမျိုးသမီး၃ဦးရှိပြီး စားဝတ်နေရေးအတွက်ပတ်ဝန်းကျင်မှ ဖြေရှင်းပေးရသည်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသော မိသားစုတွင်ပညာရေး၊ကျန်းမာရေး၊စားဝတ်နေရေးအတွက်ခက်ခဲစွာ ဖြေရှင်းနေရပြီးကျောင်းနေအရွယ်ကလေးတိုင်းနေခွင့်မရဘဲ မိသားစုပြဿနာဖြေရှင်းနေခြင်းစသည့်ပြဿနာများရှိနေပါသည်။ ကျေးရွာတွင် အခြားထိခိုက်လွယ်သော အိမ်ထောင်စု များမှာမသန်စွမ်း(၂)ဦးနှင့်မိသားစုစောင့်ရှောက်မှု နည်းသော သက်ကြီးရွယ်အို(၃)ဦးတို့ဖြစ်သည်။ ရွာပြင်ပသို့ထွက်ပြီး စားဝတ်နေရေးအတွက်အလုပ်သွားရောက်လုပ်ကိုင်နေကြသည်။ လူငယ်လူရွယ်များသည်လိင်မှတဆင့် ကူးစက်ရောဂါများအရက်များနှင့်မူယစ်ဆေးအန္တရာယ်ရှိလာတတ်ကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်းတုပ်ကွေး ရောဂါများမှာ ယခုနှစ်ပိုင်းတွင်ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ ကျေးရွာသား/သူများအနေဖြင့် ကျန်းမာရေး၊စောင့်ရှောက်မှုများကိုကျေးရွာတွင် မရရှိနိုင်သဖြင့် ရွာမှာ (၂)မိုင်အကွာဝေးသော အခြားသောကျေးရွာသို့ကားလမ်းဖြင့်သွားလာနေကြရသည်။

ကျေးရွာတွင် အခြားအဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောသွေးတိုးရောဂါစသည်တို့ကို အများအားဖြင့် ဖြစ်လေ့ရှိကေကြောင်းတွေ့ရှိရသည်။ ကျေးရွာတွင် လက်နှိမ်ပတုံကင်၊ မော်တော်သုံးတုံကင်များဖြင့်မြေအောက်ရေကို အသုံးပြုလေ့မရှိပါ။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင်ပညာရေးအဆင့်အတန်းသည်အားနည်းချက်များစွာရှိကြောင်းတွေ့ရသည်။ ရွာသားအများစုသည် အဖတ်၊အရွတ်၊ အရေး၊အသား၊အတွက် အခြေခံအရေးအသားတတ်မြောက်ကြသော်လည်း စာမတတ်သူဦးရေမှာကျား(၈)ဦး၊ မ(၂၅)ဦး ပေါင်း(၂၂)ဦးခန့်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ဘွဲ့ရအရေအတွက် မရှိသေးဘဲ

ဆယ်တန်းအောင်ပြီးသူ ကျား(၂) ၊မ(၂) ပေါင်း(၄)ဦးသာရှိသေးကြောင်းတွေ့ရသည်။ မူလတန်းပညာရေးကို ကျေးရွာတွင် သင်ကြားပြီး အလယ်တန်းနှင့်အထက်တန်းပညာရေးကို အခြားကျောင်းများသို့သွားရောက်သင်ကြားကြရသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်း များသို့သွားရောက်သင်ကြားကြရသည်။

ထို့ကြောင့်အသက်မွေးဝမ်းကျောင်းပညာများနိမ့်ကျဆဲဖြစ်ပြီး

လူငယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်း အသက်မွေးဝမ်းကျောင်း ပညာမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်များအတွက်အလုပ်ကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

မူလတန်းကျောင်းသားဦးရေကျား(၃၉)ဦး၊

မ(၃၀)ဦးပေါင်း(၆၉)ဦးတက်ရောက်နေပြီးကျောင်းနေအရွယ်၏ စုစုပေါင်းရာခိုင်နှုန်းမှာ(၅၀%) ဖြစ်သည်။ အသက်၁၀နှစ်မှာ ၁၄နှစ်အရွယ် အလယ်တန်းသို့ တက်ရောက်နေသော ကျောင်းသား/သူဦးရေကျား(၁၉)၊မ(၂၅)ပေါင်း(၄၄) ဦးတက်ရောက်လျက်ရှိသည်။ အလယ်တန်းကျောင်းနေအရွယ်၏ စုစုပေါင်း ရာခိုင်နှုန်းမှာ(၃၇%)ရှိသည်။ အထက်တန်းသို့တက်ရောက်နေသော အသက်(၁၅-၁၆)နှစ်အရွယ်မှာ ကျား(၄)၊မ(၂)ဦးသာရှိပြီး ရာခိုင်နှုန်းမှာ(၅%)သာရှိသည်။ တက္ကသိုလ်တက်ရောက်နေသူမှာ မ(၁)ဦးသာရှိပြီး ပညာရေးအားနည်းသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင်ကျား-မရေးရာဆိုင်ရာ ကိစ္စရပ်များလွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်ထန်သော အကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းမရှိပါ။ ပညာရေးဆိုင်ရာ ကိစ္စများတွင်လည်းမူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်မှာ ယောကျ်ားလေးအရေအတွက်ထက်နည်းသော်လည်း အလယ်တန်းနှင့်အထက်တန်းတွင်ကျား-မအရေအတွက်မှာ တူတူပင်ဖြစ်၍ ကျား-မတန်းတူပညာသင်ခွင့်ရရှိသည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထအဖွဲ့အစည်းများ၊သာသနာတိုးတက်ရေးအတွက်ဘာသာရေး၊ပညာရေးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် စီးပွားရေးနှင့်ဆိုင်သောအဖွဲ့အစည်း(၂) ဖွဲ့၊ ဘာသာရေးနှင့် ဆိုင်သော အဖွဲ့အစည်း (၁)ဖွဲ့တို့ရှိသည်။ မြန်မာအသေးစားငွေစုငွေချေးအဖွဲ့ကို အစိုးရဘဏ်မှ ဖွဲ့စည်းထားပေးပြီး လုပ်ငန်းကိုလည်းပတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအဖွဲ့အစည်းများသည် အချင်းအချင်းချိတ်ဆက်မှုအားနည်းပြီး

အဖွဲ့အစည်းစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများရရှိပါက တိုးတက်ကောင်းမွန်လာပါသည်။

ကျေးရွာတွင်ရေရင်းမြစ်ရရှိမှုအားနည်းပြီး ရာသီအလိုက်သာ အသုံးပြုကြရသည်။

ရေလွှဲဆည်များရှိသော်လည်း လုံလောက်မှု မရှိသောကြောင့် မိုးရာသီတွင် တစ်သီးစားတစ်သီးစိုက်ပျိုးနိုင်သည်။ အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်ပြီး စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာဗဟုသုတစနစ်တကျအသုံးမပြုတတ်သောကြောင့် သီးနှံထွက်နှုန်းများလျော့နည်းသည်။စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာဗဟုသုတရရှိစေရန် ဟောပြောပွဲများပြုလုပ်ပေးသင့်ပါသည်။

ကျေးရွာတွင် ခိုင်းနွား မွေးမြူသည့် အိမ်ထောင်စုသည် (၃၂)စုရှိပြီး ကောင်ရေ( ၆၄)ကောင်ရှိသည်။ သီးနှံပေါ်ချိန်တွင်လည်းဖြင့် သယ်ယူခြင်း နှင့်ထွန်ယက်စိုက်ပျိုးချိန်တို့တွင် လယ်ယာသုံးစက်ကိရိယာများအသုံးပြုနိုင်ပါက ထိုခိုင်းနွားဖြင့်ဆောင်ရွက်ပြုလုပ်ကြရသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်ပြောင်း ၊ပဲစင်းငုံကိုအဓိကထားစိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှာလည်း တောင်သူများအတွက်ဝန်ဆောင်မှုပေးလျက်ရှိသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုပေးမှအလုပ်သမားများကိုငှားရမ်းကြရသဖြင့် ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာအလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်မားမှုကို ကျော်လွှားနိုင်ရန်စပါးစိုက်ရာတွင် ကြဲပက်စနစ်ကိုသုံးကြသည်။ တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှုမညီမျှမှုနှင့်ရင်ဆိုင်ရတတ်သည်။

ကျေးရွာတွင် ငါးမွေးမြူသည့် အိမ်ထောင်စုမှာ မရှိသလောက်ပင်ဖြစ်သည်။ ငါးမွေးမြူသည့် ဦးရေမှာရှားပါးသော်လည်း အခြားသေားကျွဲ၊နွား၊ဝက်၊ကြက်စသည့်တိရစ္ဆာန်မွေးမြူသည့် အိမ်ထောင်စုများမှာ ပိုမိုများပြားလာခဲ့သည်။ မွေးမြူသည့်တိရိစ္ဆာန်များမှာလည်း ဒေသမျိုးသာဖြစ်သောကြောင့်ဈေးကွက်တွင်ဝယ်လိုအားနည်းသည်။ ရာသီကြောင့်ဖြစ်တတ်သော ရောဂါများအထူးသဖြင့် ကြက်လည်းလိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့်သေဆုံးပျက်စီးမှုများရှိတတ်သည်။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ပတ်သက်သော နည်းပညာဗဟုသုတရှိရန်လိုအပ်သည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ယာဉ်၊ စက်ကိရိယာများပြင်ဆင်ရေးနှင့် လက်သမား၊ပန်းရံ၊ အလုပ်လုပ်ကိုင်သူများ အပ်ချုပ်လုပ်ငန်း၊ လုပ်ကိုင်သူများရှိသော်လည်း ပစ္စည်းကိရိယာနှင့်လိုအပ်သော စက်ပစ္စည်းကို အသုံးမပြုနိုင်သောကြောင့် ချေးငွေများထုတ်ချေးပေးနိုင်မှသာ စားဝတ်နေရေးအတွက်သာမက ပညာရေး၊ကျန်းမာရေး၊ အတွက်အဆင်ပြေနိုင်မည်ဖြစ်သည်။ ထိုသူများကိုလိုအပ်သော ချေးငွေထုတ်ချေးပေးခြင်းဖြင့် အဟန့်အတားကိုကျော်လွှား၍ ကောင်းမွန်သော အခြေအနေသို့ရောက်လာနိုင်ပေးသည်။

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ဝပ်ရှော့၊လက်သမား၊ပန်းရံ၊ ဈေးရောင်း၊ အပ်ချုပ် လက်လုပ်လက်စားသမားများနှင့်အစိုးရဝန်ထမ်းအနည်းငယ်သာရှိသည်။ အခြားလုပ်ငန်းများမှာရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင်းအတင့်အနအထားတွင်ရှိသည်။ လက်လုပ်လက်စားသမားများမှာ စိုက်ပျိုးရာသီနှင့်ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေတွက်ခြေကိုက်ညီမျှမှုနည်းပါးသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် မြေယာမဲ့ လက်လုပ်လက်စားသမားများသဖြင့် ဝမ်းစားမဖူလုံမှုများမြင့်မားသည်။ မြေယာတိုချဲ့ထွင်မှုကြောင့်သစ်တောများပြုန်းတီးလားပြီး မိုးရွာသွန်းမှုမရှိဘဲ ရေရှားပါးသည့်ပြသနာနှင့် ရင်ဆိုင်နေရသည်။ နွေရာသီတွင်ရေလုံလောက်မှုမရှိပါ။ ကျေးရွာတွင် လူကုန်ကူးခြင်း၊မီးဘေးစသည့် အန္တာရာယ်များမရှိပါ။ တောင်ပေါ်ဒေသတစ်ခုဖြစ်သော ဆားငန်းရေဝင်ရောက်မှုမရှိပေ။ ကျေးရွာတါင် စပါး၊ပဲ၊ပြောင်း၊ပဲစင်းငုံ၊နှမ်းစသည့် သီးနှံများစံနှုန်းအတိုင်းမထည့်နိုင်သောကြောင့်သီးနှံထွက်မှုမှာကျဆင်းလာခဲ့ရသည်။ စွန့်ပစ်ပစ္စည်းများဖြစ်သော၊ ပလပ်စတစ်၊စက္ကူအိတ်၊ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျမစွန့်ပစ်သဖြင့် သဘာတ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးသင့်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင်တောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးအတွက် အစိုးရထံမှ ထုတ်ချေးထားသော ချေးငွေကို တစ်နှစ်အတိုးနှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းမှလာရောက်ဖွဲ့စည်းထားသော အသေးစားချေးငွေလုပ်ငန်းအတွက်အဖွဲ့ဝင်၅ဦးဖြင့်ဖွဲ့စည်းထားပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရွာထဲမှ ငွေးတိုးချေးစားသူများထံမှ တစ်နှစ်အတိုနှုန်း၄ဝ%မှ၆ဝ%ဖြင့်လည်းကောင်း ချေးယူနိုင်ကြသည်။ အိမ်ထောင်စု၏ ၈၃%သည် ၅သိန်းအောက် ချေးယူထားပြီး ၂၇%သည် ၅သိန်းအထက်ချေးယူထားသူများဖြစ်ကြသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ကျောင်းဆရာ/မဦးရေ (၅)ဦးရှိပြီးတပည့် ဆရာအချိုးမှာ၁:၂၄ ဖြစ်သည်။ မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ်များဆောင်ရွက်ပေးထားခြင်းမရှိပါ။မူလတန်းအရွယ်တွင်ကျောင်းထွက်သွားရသော ကလေးအများစုသည် ဆင်းရဲသော မိသားစုများမှာကလေးငယ်များဖြစ်ပြီး ထိုဆင်းရဲသော မိသားစုများအတွက်ထောက်ပံ့ကြေးများပံ့ပိုးမှုမရှိသောကြောင့်သာကျောင်းထွက်ခဲ့ရသည်။

ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများသာရှိပြီး မိန်းကလေးများလည်းကစားနိုင်ရန် ကြက်တောင်၊ သရေကွင်း စသည်တို့ကိုလည်းလိုအပ်ချက်များရှိသည်။

ကျေးရွာတွင်အများအားဖြင့် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှော၊သွေးလွန်တုပ်ကွေးရောဂါကို မူလတန်းအရွယ်ကလေးများတွင်ပိုမိုအဖြစ်များကြောင်တွေ့ရသည်။ သွေးတိုးရောဂါကိုအသက်(၄၀)နှင့်အထက်တွင်ပိုမိုအဖြစ်များကြောင်းတွေ့ရသည်။ အခြားသောကူးစက်နိုင်သော ရောဂါများမှာ ဖြစ်များလေ့မရှိကြောင်း တွေ့ရသည်။ အခြားသော ကူးစက်နိုင်သော ရောဂါများမှာဖြစ်များလေ့မရှိကြောင်း တွေ့ရသည်။ ကျန်းမာရေးဌာန ဆေးပေးခန်းနှင့်အလှမ်းဝေးသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သော အသိ ပညာပေးဟောပြောပွဲများလာရောက်ပြုလုပ်ပေးသင့်ပါသည်။

ကျေးရွာတါင် တစ်လလျှင်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံသည်။ ရွာတွင်ဆေးပေးခန်းမရှိသဖြင့် ပြင်ပရွာမှကျန်းမာရေးဆရာမက လာရောက်ထိုးပေးပါသည်။ ၁နှစ်အောက် ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်များကိုမေးခိုင်ရောဂါကာကွယ်ဆေးနှင့်ဝက်သက်ရောဂါကာကွယ်ဆေးများကိုပုံ မှန်တစ်လလျှင်တစ်ကြိမ်ထိုးပေးပါသည်။ကျေးရွာတွင်းရှိကလေးများအား အဟာရချို့တဲ့မှုမှတ်တမ်းကောက်ယူခြင်း များ ဆောင်ရွက်လျက်ရှိပြီး ကျန်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာတွင် အဝီစိတွင်းများကို အသုံးပြုသော အိမ်ထောင်စုမရှိသေးချေ။ တစ်နှစ်ပတ်လုံး မိုးရေလှောင်ကန်၊ ချောင်းရေနှင့်စိမ့်စမ်းရေးကိုသာ အဓိကအသုံးပြုကြရသည်။ချောင်းရေ၊ရေလှောင်ကန် ကို မိုးတွင်ကာလတွင် အသုံးမပြုနိုင်ပါ။ ဆောင်ရာသီနှင့် နွေရာသီတွင်ရွာမှ(၃)မိုင်ကွာသော စိမ့်စမ်းရေကိုသာပိုက်နှင့်သွယ်တန်းလျက်အသုံးပြုကြရသည်။ ကျေးရွာတွင် သောက်သုံးရေကိုမိုးတွင်နှင့်ဆောင်တွင်းကာလအထိသာလုံလောက်စွာ အသုံးပြုနိုင်ပြီး နွေရာသီတွင်ခက်ခဲမှုရှိပါသည်။

ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးများသာမက ရွာတွင်းမှလူကြီးအများစုသည် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် နှစ်စဉ်ကြုံတွေ့နေရသည်မှာ အိမ်သာ အဆင်မပြေသောကြောင့် ဟူ၍ သာယူဆရသည်။ ယင်လုံအိမ်သာသုံးစွဲနိုင်သော အိမ်ထောင်စုမှာ(၆၀)ဦးသာရှိပြီး ကျင်းအိမ်သာ(၁၅)ဦးနှင့် အခြားတောထိုင်(၉)ဦးရှိသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်သော ဟောပြောပွဲများနှင့်တစ်အိမ်ထောင်လျှင် အိမ်သာ(၁) လုံးရှိသင့်ကြောင်းအသိပညာပွဲများဆောင်ရွက်ပေးသင့်ပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အနားယူအပန်းဖြေနိုင်မည့် အနေအထားသီးသန့်မရှိပေ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲများတွင်လည်းရိုးရာဝတ်စားဆင်းယင်မှု၊ရိုးရာအကများဖြင့်တင်ဆက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်မရှိသေးပါ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာ၏ ရွာလယ်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်အခက်အခဲရှိသည်။ ပွင့်လင်းရာသီရောက်မှသာ အသုံးပြုရန် အဆင်ပြေပါသည်။ ချဉ်းကပ်လမ်းမှာကတ္တရာလမ်းဖြစ်ပြီး (၁၂)ရာသီစလုံးအသုံးပြုနိုင်ပြီး ပေ(၁၀၀)ကျော်လမ်းခင်းထားပါသည်။

ကျေးရွာတွင် ရေပြွန်တံတား၄ခုရှိပြီး ၁၂ရာသီလုံ အသုံးပြုနိုင်သည်။ ရွာအနောက်တောင်ဘက်တွင် ရေချောင်း(၂)ချောင်းရှိပြီး ရေကျော်တံတား(၂)ခုပျဉ်တံတားနှစ်ခုရှိသည်။ ယခုအခါယာဉ်အသွားအလာများသောကြောင့် အနည်းငယ်ပျက်စီးနေပြီးဖြစ်သည်။

ကျေးရွာသည် တောင်ပေါ်ေ၊သဖြစ်ပြီး မြစ်၊ ပင်လယ်ရေကြောင်း များမရှိသောကြောင့်ရေကြောင်း သယ်ယူပို့ဆောင်ရေးမရှိပါ။ ကုန်လမ်းကိုသာ အဓိကသယ်ယူပို့ဆောင်ကြသည်။

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်(၆၃)စီး၊ ထော်လာဂျီ(၁)စီးရှိပြီး သီးနှံများနှင့်ကုန်စွည်းများသယ်ယူပို့ဆောင်ရာတွင်လည်းကောင်း အသုံးပြုကြပါသည်။ ကျေးရွာတွင် နွားလှည်းပိုင်ဆိုင်သော အိမ်ထောင်စု(၅၄)စုရှိပြီးလယ်ယာသုံး ကိရိယာများနှင့်သီးနှံပေါ်ချိန်နှင့်အခြားဝန်ဆောင်မှုများတွင်အသုံးပြုကြပါသည်။ကျေးရွာတွင် လူမှုရေးနှင့် ပတ်သက်လာပါက မြို့သို့ အချိန်မီပို့ဆောင်နိုင်ရန် ယာဉ်များလုံလောက်မှုရှိပါသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်း ကို၂၀၁၃- ၂၀၁၄ခုနှစ်ကပင်ဓာတ်တိုင် များစိုက်၍ ရှေ့ပြေးလိုင်းမှ ဆွဲထားခဲ့သော်လည်း ကျေးရွာတွင် မီးမလင်းသေးပါ။ ဆိုလာစနစ်ကို တစ်ရွာလုံး အသုံးပြုနိုင်သော်လည်းအပြည့်အဝမလုံလောက်ပဲ အခက်အခဲများစွာရှိပါသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများတွင်လက်လှမ်းမီအသုံး ပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုမှုအသင့်အတင့်မျှသာကောင်းမွန်မှုမရှိပါ။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင် ဖြစ်သည်။

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ပင်းတယရှိရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် ယာဉ်၊ စက်ကိရိယာများပြင်ဆင်းရေးနှင့်လက်သမား၊ ပန်းရံ၊လုပ်ကိုင်သူများ၊အပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူများရှိသော်လည်း ပစ္စည်းကိရိယာနှင့်လိုအပ်သောစက်ပစ္စည်းကို အသုံးမပြုနိုင်သောကြောင့် အရင်းအနှီးများထုတ်ချေးပေးခြင်းဖြင့် ရွာ၏ဝင်ငွေကောင်းလာနိုင်ပါသည်။ ၎င်းအလုပ်ပေါ်တွင်မှီခို၍စားသောက်နေရသောမိသားစုဝင်ငွေများမှာ ပုံမှန်အလုပ်လုပ်နိုင်မှသာ စားဝတ်နေရေးအတွက်သာမက၊ပညာရေး၊ကျန်းမာရေး အတွက် အဆင်ပြေနိုင်မည့်ဖြစ်သည်။ ထို့သူများကိုလိုအပ်သောချေးငွေထုတ်ချေးပေးခြင်းဖြင့် အဟန့်အတားကို ကျော်လွှားနိုင်၍ ကောင်းမွန်သောအနေအထားသို့ရောက်ရှိလာနိုင်ပါသည်။ ကျေးရွာတွင် အိမ်တွင်မှုလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စုများမရှိပါ။ မြို့ပေါ်တွင် သင်တန်းများတက်၍ အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေနိုင်သော်လည်း ကျေးရွာများတွင် အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်ရန်သင်တန်းများရှိနေသော်လည်း တချို့က အခကြေးငွေဖြင့်သာလက်ခံသောကြောင့်မတက်ရောက်နိုင်ပါ။

ကျေးရွာတွင်လက်လုပ်လက်စား၊ကျပန်း၊ ပန်းရံစသည့်နေ့စားလိုက်စားသမားများသည် စိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်ကိုင်နှင့်ဝင်ငွေတွက်ခြေကိုက်မှုနည်းပါသည်။ အဆိုပါလုပ်ငန်းများလုပ်ကိုရန် သင်တန်းစရိတ်အကုန်အကျခံ၍ လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ပေ။ ထို့ကြောင့် ၎င်းအလုပ်သမားများအတွက် လိုအပ်သော အရင်းအနှီးများထုတ်ပေးခြင်း၊သင်တန်းများဖွင့်လှစ်၍ဘဝတွင်အဆင်ပြေချောမွေ့နိုင်ပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်မြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။

လယ်မြေများကိုထပ်မံတိုးချဲ့ရန်မှမဖြစ်နိုင်သဖြင့်လယ်သမားများအဖို့ အထွက်နှုန်းတိုးအောင်အားစိုက်ရပေမည်။

ရေသွင်းစိုက်ပျိုးနိုင်သော လယ်မြေဧကများသော်လည်း ရေသွင်းစိုက်ပျိုးနိုင်သော်လည်း ရေလွှဲဆည်များလုံလောက်မှုမရှိသောကြောင့်ရေသွင်းစိုက်နိုင်မည့် စိုက်ဧကတိုးတက်လာစေရန်ဆောင်ရွက်သင့်ပါသည်။ ထို့အပြင်ပိုးသတ်ဆေးအချို့ကိုခံနိုင်ရည်ရှိသော ဖျတ်ပိုဝန်ဆောင်မှုကိုရရှိနိုင်သော်လည်း ဖျတ်ပိုးနှိမ်နှင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုး၊ ချေးသူများရှိသော်လည်း အတိုးနှုန်း မှာမြင့်တတ်သည်။ အစိုးရဘဏ်မျှအတိုးနှုန်းသက်သာစွာ ဖြင့်ချေးငွေများထုတ်ချေးပေးပါက တောင်သူများအခက်အခဲအချို့ကို ဖြေရှင်းရာရောက်ပေသည်။ ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသက်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတက်သိပညာ၊အထိအတွေ့အားနည်းနေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်ကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်ကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့

ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများထွန်းကာလာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများထွန်းကာလာရေး အတွက် စိုက်ပျိုးရေး မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက်သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန်ကျေးရွာတွင် ရရှိထားသော၊ နည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင်အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုး၊ပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန်သင့်တော်သော သင်တန်းသားများကိုတက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထို့သင်တန်းများသည် သင်တန်းသားများအတွက်ကျွမ်းကျင်မှုများကိုတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့်ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအ တွက်ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင်ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသောဆရာ/မ ခန့်ထားရရှိနိုင်ရေးအတွက်ဆောင်ရွက်သွားပါမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာဆောက်အအုံများ ကို အသုံးပြုစီမံခန့်ခွဲ၊ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကိုအကောင်အထည်ဖော်စီမံခန့် ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်

ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင်စပါးအပြင်၊ပြောင်းနှင့်ပဲစင်းငုံတို့တကို အဓိကစိုက်ပျိုးကြသည်။ တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြသနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှဝန်ဆောင်မှုကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်းပစ္စည်းများရောင်းချသည့်ပုဂ္ဂလိက အရောင်းဆိုင်များကိုမှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နင်းရေး နည်းပညာအသင်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင်ပါသည်။

**(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း**

ကျေးရွာတွင်တောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးအတွက် အစိုးရထံမှ ထုတ်ချေးထားသော ချေးငွေကို တစ်နှစ်အတိုးနှုန်းဖြင့် အများဆုံးဆယ်ဇကေအတွက်ချေးယူနိုင်ကြသည်။ ကျေးရွာတွင်ပြပ အဖွဲ့အစည်းမှလာရောက်ဖွဲ့စည်းထားသော အသေးစားချေးငွေလုပ်ငန်းအတွက်အဖွဲ့ဝင်၅ဦးဖြင့်ဖွဲ့စည်းထားပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးထားသူများထံမှတစ်နှစ်အတိုးနှုန်း၄၀%မှ၆၀%ဖြင့်လည်းကောင်းချေးယူနိုင်ကြလေသည် ။ အိမ်ထောင်စု၏ ၈၃% သည်ငါးသိန်းအောက်ချေးယူထားပြီး ၂၇%သည်၅သိန်းအထက်ချေးယူထားသူများဖြစ်ကြသည်.

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပနင်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်ကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။ သို့သော်လည်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊သတင်းအချက်အလက်များလက်လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံးအမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများအတွက်လုပ်ငန်းစီမံခန့်ခွဲရေး၊ ထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးအတွက် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုမရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည့် ဖြစ်ပြီး၊မြို့နယ်ဒေသမှသည်ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ရန်အတွက်လုံလောက်သော ရန်ပုံငွေလည်းရရှိရမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင်ကျေးလက်ဈေးမရှိသည့်အတွက် ရွာမှ၆မိုင်ခန့်ကွာဝေးသော မိုင်းအင်ဈေးသို့သွားရောက်၍ ဈေးသုံးကြရသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနှစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့

ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*-ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ် ရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း | ၄၉<br>၄၂ | ၂<br>၃ | • ရွာလယ်လမ်း(၁)မိုင်ခွဲ(မြေသားလမ်းကိုကျောက်ချော လမ်း(သို့) ကတ္တရာလမ်းခင်းရရှိရန်)<br>• ရေကျော်တံတားရရှိရန် | ကျေးလက် ဦးစီး |
| *ပညာရေး* | | | | | |
| စာသင်ကျောင်း | ၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | ၃၈ | ၅ | –ဝန်ထမ်းအိမ်ရာလုံလောက်မှုရရှိစေရန်(ပညာရေး) | |
| *စိုက်ပျိုးရေး* | | | | | |
| | ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၃၈<br>၃၂ | ၆<br>၈ | • စိုက်ပျိုးရေး၊မွေးမြူရေးအတွက်မျိုးကောင်းမျိုးသန့်ရရှိရ န်<br>• စိုက်ပျိုးရေးရေရရှိရန်တည်ဆောက်ခြင်း | – |
| **လျှပ်စစ်** | | | | | |
| လျှပ်စစ် | မဟာဓာတ်အားလိုင်းဖြင့် မီးလင်းရေး | ၅၀ | ၁ | လျှပ်စစ်မီးရရှိရေး(၃၀၀Wထရန်စဖာအိုး) | |

| | | | | |
|---|---|---|---|---|
| *လူငယ်ဖွံ့ဖြိုးရေး* | | | | |
| | ၆။သက်မွေးဝမ်းကျောင်းနည်းပညာများ ပြန့်ပွါးလာရေး | ၃၃<br>၃၀<br>၃၀ | ၇<br>၉<br>၁၀ | • အသက်မွေးဝမ်းကျောင်းသင်တန်းများပြုလုပ်ပေးရန်<br>• အားကစားကွင်းဖော်ဆောင်ပေးရန်<br>• မူးယစ်ဆေးအန္တရာယ်အသိပညာပေးဟောပြောပွဲ |
| **ကျန်းမာရေး** | | | | |
| | အခြေခံကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီရေး | ၃၉ | ၄ | ကျေးလက်ဆေးပေးခန်း |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ လျှပ်စစ်မီးရရှိရေး(၃၀၀Wထရန်စဖာအိုး) | ၁ | —— | —— | | | |
| ၂။ ရွာလယ်လမ်း(၁)မိုင်ခွဲ (မြေသားလမ်းကိုကျောက်ချော( သို့) ကတ္တရာလမ်းရရှိရန်) | ၂ | | —— | —— | | |
| ၃။ ရေကျော်တံတားရရှိရန် | ၃ | | —— | —— | | |
| ၄။ ကျေးလက်ဆေးပေးခန်း | ၄ | | | —— | —— | |
| ၅။ ဝန်ထမ်းအိမ်ရာလုံလောက်မှုရရှိစေရန်(ပညာရေး) | ၅ | | | —— | —— | |
| ၆။ အသက်မွေးဝမ်းကျောင်းသင်တန်းများပြုလုပ်ပေးရန် | ၆ | —— | —— | —— | | |
| ၇။ အသက်မွေးဝမ်းကျောင်းသင်တန်းများပြုလုပ်ပေးရန် | ၇ | —— | —— | —— | —— | —— |
| ၈။ စိုက်ပျိုးရရှိရန် ဆည်ဆောက်ခြင်း | ၈ | | —— | —— | —— | |
| ၉။ အားကစားကွင်းပစ္စည်းဖော်ဆောင်ပေးရန် | ၉ | | | —— | —— | |
| ၁၀။ မူယစ်အန္တရာယ်အသိပညာပေးဟောပြောပွဲ | ၁၀ | —— | —— | —— | —— | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

